

# ရန်ကုန်တိုင်းဒေသကြီး

၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ

## ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

## ရန်ကုန်တိုင်းဒေသကြီး

## ၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ

# ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။



# ဥယျောဇဉ်

၂၀၁၇ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၃၀-၃-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်မှ ဥပဒေအမှတ် (၂) ဖြင့် အတည်ပြုခဲ့ပြီး ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့ပါသည်။

၂၈-၃-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈) ရက် မြောက်နေ့တွင် "၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းအား အတည်ပြုခြင်းနှင့် ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ" ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ ဥပဒေအမှတ် (၂) ဖြင့် အတည်ပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါသည်။

၃၀-၃-၂၀၁၈ ရက်နေ့၌ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်မှ ပြည်ထောင်စုလွှတ်တော်တွင်ပြုလုပ်သည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းတွင် ဘဏ္ဍာရေးနှင့် ပတ်သက်၍ "ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှု မရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်" ဟု လမ်းညွှန်မှာကြားထားသည်နှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တညီတညွတ်တည်း လိုက်နာနိုင်ရေးနှင့် ထိရောက်စွာကြီးကြပ် ကွပ်ကဲနိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၄-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူ့ကိုယ်စား ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ထိရောက်အကျိုးရှိစွာ အသုံး ပြုနိုင်စေရန်အတွက် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်သူများသွားလာမှု လွယ်ကူစေရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေး၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်စေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်ဆုံးရှုံးမှုနည်း စေရန် စနစ်တကျခွဲဝေ သုံးစွဲလျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၏ ပထမအချက်ဖြစ်သည့် "ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်" ဟူသည့်မူဝါဒနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် အလေးထားအကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန်ခွင့်ပြုသောအခါ "ဘဏ္ဍာရေးကျင့်စဉ်ကြီးများ" ကို ဦးတည်ကျင့်သုံးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုထိရောက်ကောင်းမွန်စေရန်ဆောင်ရွက်ရာတွင် ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၏ Citizen’s Budget စာစောင်ကို ထုတ်ဝေရခြင်းဖြစ်ပါသည်။

(ဖြိုးမင်းသိန်း)
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# မာတိကာ


ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်း အစီအစဉ် . . . . . . . . . . ၇
ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ ဝေါဟာရများ . . . . . . . . . . ၈
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းမှ ကောက်နုတ်ချက် . . . . . . . . . . ၁၀

## ၁ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ . . . . . . . . . . ၁၁

## ၂ ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) . . . . . . . . . . ၁၂

## ၃ ရန်ကုန်တိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေနှင့် လိုငွေအခြေအနေ . . . . . . . . . . ၁၃
ရန်ကုန်တိုင်းဒေသကြီး ဌာန/အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေစာရင်း . . . . . . . . . . ၁၄
ရန်ကုန်တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်း . . . . . . . . . . ၁၅
ရန်ကုန်တိုင်းဒေသကြီး၏ နှစ်အလိုက် အသုံးစရိတ်ခွဲဝေပုံ . . . . . . . . . . ၁၆
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာန/ ဦးစီးဌာနများ၏ နှစ်အလိုက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ် . . . . . . . . . . ၁၇
ရန်ကုန်တိုင်းဒေသကြီး စုစုပေါင်းရငွေ၊ သုံးငွေနှင့် လိုငွေစာရင်း . . . . . . . . . . ၁၈
ရန်ကုန်တိုင်းဒေသကြီး၏ ငွေစာရင်းခေါင်းစဉ်အရ စုစုပေါင်းရငွေနှင့် စုစုပေါင်းသုံးငွေစာရင်း . . . . . . . . . . ၁၈
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေ . . . . . . . . . . ၁၉
ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၏ ဌာန၊ အဖွဲ့အစည်းအလိုက် စုစုပေါင်းရငွေနှင့် စုစုပေါင်းသုံးငွေစာရင်း (ပြုပြင်ပြီး ခန့်မှန်းခြေ) . . . . . . . . . . ၂၀
ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီး ခန့်မှန်းခြေ) သာမန်စာရင်း . . . . . . . . . . ၂၀
ရန်ကုန်တိုင်းဒေသကြီး (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) ငွေလုံးငွေရင်းအသုံးစရိတ် စာရင်း . . . . . . . . . . ၂၁
ရန်ကုန်တိုင်းဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ် (မူလခန့်မှန်းခြေ) . . . . . . . . . . ၂၁

## ၄ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ . . . . . . . . . . ၂၂
ရန်ကုန်တိုင်းဒေသကြီး နှစ်အလိုက် စုစုပေါင်းအခွန်အကောက်ရငွေ . . . . . . . . . . ၂၂
ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနမှ နှစ်အလိုက် အခွန်အရပ်ရပ် ကောက်ခံရငွေ . . . . . . . . . . ၂၂
ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ နှစ်အလိုက် အခွန်ကောက်ခံရရှိမှု . . . . . ၂၃
ရန်ကုန်တိုင်းဒေသကြီး ဌာန/အဖွဲ့အစည်းအလိုက် အခွန်အကောက်ရငွေစာရင်း . . . . . . . . . . ၂၃
ရန်ကုန်တိုင်းဒေသကြီး အခွန်အမျိုးအစားအလိုက် အခွန်အကောက်ရငွေစာရင်း . . . . . . . . . . ၂၄
ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အရပ်ရပ် ကောက်ခံရငွေ . . . . . . . . . . ၂၄

၅ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်ဝေစု ..... ၂၅

ရန်ကုန်တိုင်းဒေသကြီး၏ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ရရှိသည့် အခွန်ဝေစု ..... ၂၅

၆ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ..... ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် သာမန်စာရင်း ..... ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ သာမန်စာရင်း ..... ၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငွေလုံးငွေရင်းစာရင်း . ၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း ..... ၂၈

၇ ရန်ကုန်တိုင်းဒေသကြီး ပညာရေးအသုံးစရိတ် ..... ၂၉

ရန်ကုန်တိုင်းဒေသကြီး ပညာရေးအသုံးစရိတ် အခြေအနေ ..... ၂၉

ရန်ကုန်တိုင်းဒေသကြီး၏ ဌာနအဖွဲ့အစည်းအလိုက် ပညာရေးအသုံးစရိတ် ..... ၂၉

၈ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးအသုံးစရိတ် ..... ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးအသုံးစရိတ် အခြေအနေ..... ၃၀

၉ ရန်ကုန်တိုင်းဒေသကြီး၏ လမ်းလုပ်ငန်း၊ မီးလင်းရေးနှင့် ရေရရှိရေးတို့၏ အသုံးစရိတ် ..... ၃၁


၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းလုပ်ငန်း ဆောင်ရွက်မှုများ ..... ၃၁

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်နိမိတ်များတွင် လမ်းလုပ်ငန်းဆောင်ရွက်မှုများ ..... ၃၃

ရန်ကုန်တိုင်းဒေသကြီး၏ လမ်း၊ တံတား၊ လျှပ်စစ်မီးနှင့် ရေရရှိရေးအသုံးစရိတ်များ ..... ၃၃

နိဂုံး ..... ၃၄

# ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်း အစီအစဉ်




## ပြည်ထောင်စုအဆင့် စိစစ်ညှိနှိုင်းမှု

☆ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန —စိစစ်→ သာမန်/ကြွေးမြီ

ငွေလုံးငွေရင်း
- ဆောက်လုပ်ရေး (ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့က စိစစ်)
- စက်ပစ္စည်း (စက်ပစ္စည်းကြီးကြပ်မှုကော်မတီက စိစစ်)
- အခြား (စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက စိစစ်)

# ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ ဝေါဟာရများ

**ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)။** တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေ စုစုပေါင်း မည်မျှ ရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့သုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသဖြင့် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့် စာရင်းဖြစ်သည်။

**ဘဏ္ဍာရေးနှစ် (Fiscal Year-FY)။** ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အထိ ဧပြီလ (၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့ အထိ ဖြစ်သည်။ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ (၁) ရက်မှ စက်တင်ဘာ (၃၀) ရက်အထိ ကူးပြောင်းသည့်အတွက် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင် ဘာလအထိ (၆) လအတွက်ကို ကြားခံကာလအဖြစ် ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲပါသည်။

**သာမန်ရငွေ (Current Revenue)။** ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ဒဏ်ငွေများနှင့် အခြားရငွေများဖြစ်သည့် သာမန်ရငွေများ၊ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စီမံကြီးကြပ် ကောက်ခံပေးရသည့် အခွန်အကောက်ငွေများ၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော အတိုးရငွေများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ပေးသွင်းရသည့် ထည့်ဝင်ငွေများ၊ သာမန်အသုံးစရိတ် အတွက် ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်သည်။

**သာမန်သုံးငွေ (Current Expenditure)။** နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့်လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်၊ ဧည့်ခံ ကျွေးမွေးစရိတ်၊ သီးသန့်အသုံးစရိတ်များ၊ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ် လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ပေးဆောင်ရမည့် ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့်နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေး ပေးသွင်းခြင်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များနှင့် စည်ပင်သာယာရေး အဖွဲ့များသို့ ထောက်ပံ့ငွေများ၊ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များ အပေါ်တွင် ပေးချေရသော ပြည်တွင်း အတိုးပေးငွေများနှင့်ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများပါဝင်သည်။

**ငွေလုံးငွေရင်းရငွေ (Capital Revenue)။** မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့ အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည်ရရှိသည့် ရငွေများ၊ ငွေလုံးငွေရင်း အသုံးစရိတ် အတွက် ရရှိသော ပြည်ပအကူအညီ ရငွေများပါဝင်သည်။

**ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure)။** လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်းမြှုပ်နှံလုပ်ကိုင်ရသည့် ကုန်ကျစရိတ်များ၊ (ဥပမာ - စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့် ဆည်မြောင်း များ တည်ဆောက်ခြင်း စသည့် တည်ဆောက်ရေး လုပ်ငန်းများ လက်ရှိ ရှိပြီး မတည်ပစ္စည်း၊ လမ်း၊ အဆောက်အဦ၊ ဆည်မြောင်းစသည် တို့အား တိုးတက်ကောင်းမွန် လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကုန်ကျစရိတ်များ၊ စက်ရုံအလုပ်ရုံများအတွက် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့်မီးရထားစက်ခေါင်းများ၊ လူစီးတွဲများ စသည်တို့ ဝယ်ယူခြင်း၊ ရုံးသုံးစက် ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံး သုံးယာဉ်များနှင့်အခြားရုံးသုံး ပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ၊ စက်တပ်ဆင် စရိတ်များ၊ မြေလျော်ကြေးများ စသော အခြား အသုံးစရိတ်များအတွက် ကုန်ကျစရိတ်များပါဝင်သည်။

**ကြွေးမြီရငွေ (Financial Revenue)။** ပြည်တွင်းမှ ချေးယူငွေအတွက် ရငွေများ၊ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများပါဝင်သည်။

**ကြွေးမြီသုံးငွေ (Financial Expenditure)။** ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ ပြည်ပကြွေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့် အသုံးစရိတ်)၊ စုဆောင်းငွေများ (ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ် ပြန်ထုတ်ငွေများ) ပါဝင်သည်။

**မူလခန့်မှန်းခြေ (Budget Estimate - BE)။** ဘဏ္ဍာရေးနှစ်မတိုင်မီ (၆) လ ခန့်မှစတင်၍ကြိုတင် ခန့်မှန်းထားသော ရငွေ၊ သုံးငွေများ စာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများဖြင့် အတည်ပြု ပြဋ္ဌာန်းသည်။

**ဖြည့်စွက်ခွင့်ပြုငွေ (Supplementary Grant - SG)။** အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ် တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေ မရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေ လုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဖြင့် ထပ်မံသတ်မှတ် ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

**ပြုပြင်ပြီးခန့်မှန်းခြေ (Revised Estimate - RE)။** လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက်ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်း ရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်း ဖြစ်ပါသည်။ အသုံးစရိတ်တွင် (RE = BE + SG - လျော့နည်းသုံးစွဲငွေ) ဖြစ်ရပါမည်။

**ယာယီအမှန်စာရင်း (Temporary Actual - TA)။** ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ပတ်လည်ကာလ အလိုက်ရရှိသည့်ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်မပြုရသေးသည့်စာရင်းဖြစ်ပါသည်။

**ရှေ့ပြေးအမှန်စာရင်း (Provisional Actual - PA)။** ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း အတည် ပြုပြီးသည့် နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF) နှင့်အရေးပေါ်ရန်ပုံငွေ (Contingency Fund) များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့် လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲဖြစ်၍ ပိုလျှံငွေ ပြန်လည်အပ်နှံခြင်းကြောင့် လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့် လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။ PA = RE + GRF – Surrender (ပိုလျှံငွေ ပြန်အပ်ခြင်း)။ အသုံးစရိတ်သည် BE + SG + GRF + အရေးပေါ်ရန်ပုံငွေထက် မပိုရပါ။ (အရေးပေါ်ရန်ပုံငွေ ရရှိပါက ပေါင်းရမည်)။

**အမှန်စာရင်း (Actual - A)။** ရှေ့ပြေးအမှန်စာရင်း ဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ် ရရှိသည့်ငွေနှင့်အမှန်တကယ် သုံးစွဲပြီးသည့် အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။

## အရေးပေါ်ရန်ပုံငွေ

"၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ"၌ သီးသန့်ရန်ပုံငွေကို အပိုင်း(၄)တွင် ဖော်ပြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ "၂၀၁၇ခုနှစ်၊ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေ"၌ အပိုင်း (၄)တွင် အရေးပေါ်ရန်ပုံငွေ ဟု ပြောင်းလဲပြဋ္ဌာန်းထားပါသည်။

အရေးပေါ်ရန်ပုံငွေဆိုသည်မှာ ပြည်ထောင်စုအစိုးရက ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စအတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင်ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာ သုံးစွဲနိုင်ရန် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းလျာထားသည့် ငွေရပ်ကို ဆိုလိုသည်။

- မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ကျခံသုံးစွဲရမည်။
- ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အထွေထွေပိုလျှံရန်ပုံငွေ

နှစ်စဉ်ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွင့်ပြုထားသော မူလခွင့်ပြုငွေမှဖြစ်စေ၊ ဖြည့်စွက်ခွင့်ပြုငွေမှဖြစ်စေ၊ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုထားငွေမှဖြစ်စေ၊အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုထားငွေမှဖြစ်စေ မသုံးစွဲဖြစ်သည့် ပိုလျှံ၍ ပြန်လည်အပ်နှံရသည့် ရန်ပုံငွေကို ဆိုလိုသည်။ အဆိုပါရန်ပုံငွေအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊အဖွဲ့အစည်းများမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့က စီမံအုပ်ချုပ်သော အထွေထွေပိုလျှံရန်ပုံငွေသို့ အချိန်မီ ပြန်လည်အပ်နှံရမည်။

# နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းမှ ကောက်နုတ်ချက်

၃၀-၃-၂၀၁၈ ရက်နေ့၌ ပြည်ထောင်စုလွှတ်တော်တွင်ပြုလုပ်သည့် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

(၁) ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေတဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။

(၂) ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။

(၃) အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။

(၄) လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။

(၅) မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။

(၆) ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှု မရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။

(၇) ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည် ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။

(၈) တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ ဘဝသာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

# ၁ ရန်ကုန်တိုင်းဒေသကြီး၏စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ

## ရန်ကုန်တိုင်းဒေသကြီး၏စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ
## (၂၀၁၇– ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | ၂၀၁၈ ခု ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စီမံကိန်းရည်မှန်းချက် |
|---|---|---|---|
| ၁ | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) (နှစ်အလိုက်ဈေးနှုန်း) | ၂၂,၄၀၀,၉၆၄.၁ ကျပ်သန်း | ၈,၅၂၉,၈၃၂.၃ ကျပ်သန်း |
| ၂ | GDP တိုးတက်နှုန်း (ပုံမှန်ဈေးနှုန်း) | ၈.၅% | ၈.၆% |
| ၃ | လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) | ၂,၈၂၁,၂၈၀ ကျပ် | |

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ခု မူလ ခန့်မှန်းခြေ | ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ |
|---|---|---|---|
| ၁ | လူဦးရေ | ၇,၃၆၀,၇၀၃ | ၇,၃၆၀,၇၀၃ |
| ၂ | စုစုပေါင်းရငွေခန့်မှန်းချက် | ၃၈၂,၅၈၅.၃၁၆ ကျပ်သန်း | ၁၉၁,၃၉၅.၂၈၉ ကျပ်သန်း |
| ၃ | စုစုပေါင်းအသုံးစရိတ်ခန့်မှန်းချက် | ၄၂၄,၂၈၀.၆၆၇ ကျပ်သန်း | ၂၀၂,၁၉၂.၂၄၆ ကျပ်သန်း |
| ၄ | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၄၁,၆၉၅.၃၅၁ ကျပ်သန်း | ၁၀,၇၉၆.၉၅၇ ကျပ်သန်း |
| ၅ | အခွန်အကောက်ရငွေ | ၅၂,၃၀၃.၅၉၅ ကျပ်သန်း | ၁၆,၅၉၆.၉၇၈ ကျပ်သန်း |
| ၆ | အခွန်အကောက်ရငွေနှင့် GDP အချိုး | ၀.၂၃% | ၀.၁၉% |
| ၇ | အခွန်ပေးစုရငွေ | ၁၂၁,၆၀၃.၈၃၇ ကျပ်သန်း | ၆၃,၈၀၆.၀၀၆ ကျပ်သန်း |

# ၂

# ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ဒေသတစ်ခု (သို့မဟုတ်) သတ်မှတ်ထားသည့် ဧရိယာတွင် သတ်မှတ်အချိန်ကာလအတွင်း ထုတ်လုပ်၊ ဝန်ဆောင်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများကို ခြုံငုံဖော်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ GDP ကို ထုတ်လုပ်မှုအပေါ် မူတည်၍ သုံးလပတ်အလိုက်နှင့် တစ်နှစ်လုံးအတွက် ပြုစုပါသည်။
တစ်နှစ်လုံးအတွက် GDP ကို ထုတ်လုပ်မှုအပေါ် မူတည်၍ ပြုစုသည့်အပြင် သုံးစွဲမှုအပေါ် မူတည်၍လည်း ပြုစုပါသည်။
ရန်ကုန်တိုင်းဒေသကြီး၏ GDP ကို ထုတ်လုပ်မှုအပေါ် မူတည်၍ ပြုစုပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)
## (၂၀၁၄– ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ)

| အကြောင်းအရာ | ၂၀၁၄-၂၀၁၅ (အမှန်) | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | ၂၀၁၆-၂၀၁၇ (နှစ်ကုန် ခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ (စီမံကိန်း ရည်မှန်းချက်) | ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ (၆ လ (စီမံကိန်း ရည်မှန်းချက်) |
|---|---|---|---|---|---|
| GDP တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၁၄,၄၀၈,၇၄၅.၀ | ၁၆,၅၀၅,၂၄၀.၉ | ၁၉,၂၈၃,၂၀၂.၃ | ၂၂,၄၀၀,၉၆၄.၁ | ၈,၅၂၉,၈၃၂.၃ |
| GDP တန်ဖိုး (ပုံမှန်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၁၂,၃၅၉,၂၃၈.၉ | ၁၃,၄၀၆,၀၈၂.၀ | ၁၄,၄၃၃,၃၈၅.၆ | ၁၅,၆၅၃,၇၀၈.၄ | ၆,၂၃၀,၄၁၂.၁ |
| GDP တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) (ရာခိုင်နှုန်း) | ၉.၂ | ၈.၅ | ၇.၇ | ၈.၅ | ၈.၆ |
| လူတဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) (ကျပ်) | ၁,၉၃၉,၀၀၅.၀ | ၂,၁၇၃,၁၇၂.၀ | ၂,၄၈၃,၆၆၉ | ၂,၈၂၁,၂၈၀ | |

# ၄ ရန်ကုန်တိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ နှင့် လိုငွေ အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းရငွေအနေဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်သည် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်ထက် လျော့နည်းနေပါသည်။ ပြည်ထောင်စုမှခွဲဝေပေးသော အခွန်ဝေစု ကျပ် ၄၂.၂၉၅ ဘီလီယံ လျော့နည်းရရှိခြင်းကြောင့်ဖြစ်ပါသည်။ စုစုပေါင်းအသုံးစရိတ်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တော်ဘဏ်လီမိတက် သို့ ထည့်ဝင်ငွေသာရှိသဖြင့် လျော့နည်း သွားပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ နှင့် လိုငွေ အခြေအနေ
## (၂၀၁၆– ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ (၆) လ)

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်) | ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ) | ၂၀၁၈ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ (၆)လ |
|---|---|---|---|
| - အခွန်အကောက်ရငွေ | ၄၉,၅၆၉.၄၈၀ | ၅၂,၃၀၃.၅၉၅ | ၁၆,၅၉၆.၉၇၈ |
| - အခွန်ဝေစု | ၁၆၃,၈၉၉.၂၀၀ | ၁၂၁,၆၀၃.၈၃၇ | ၆၃,၈၀၆.၀၀၆ |
| - အခြားရငွေ (သာမန်+ငွေလုံးငွေရင်း+ကြွေးမြီ) | ၂၀၃,၄၅၁.၉၃၇ | ၂၀၈,၆၇၇.၈၈၄ | ၁၁၀,၉၉၂.၃၀၅ |
| ရငွေစုစုပေါင်း | ၄၁၆,၉၂၀.၆၁၇ | ၃၈၂,၅၈၅.၃၁၆ | ၁၉၁,၃၉၅.၂၈၉ |
| - သာမန်အသုံးစရိတ် | ၁၂၅,၆၁၅.၀၂၅ | ၁၄၃,၆၂၂.၈၉၈ | ၆၈,၅၉၃.၂၆၇ |
| - ငွေလုံးငွေရင်းအသုံးစရိတ် | ၂၀၈,၉၂၆.၆၆၇ | ၂၇၈,၄၅၇.၇၆၉ | ၁၃၃,၅၉၈.၉၇၉ |
| - ကြွေးမြီသုံးငွေ | ၁၄၆,၂၉၃.၅၃၃ | ၂၂၀၀.၀၀၀ | |
| အသုံးစရိတ်စုစုပေါင်း | ၄၈၀,၈၃၅.၂၂၅ | ၄၂၄,၂၈၀.၆၆၇ | ၂၀၂,၁၉၂.၂၄၆ |
| လိုငွေ (ပြည်ထောင်စုမှထောက်ပံ့ငွေ) | ၂၀,၄၂၉.၀၀၀ | ၄၁,၆၉၅.၃၅၁ | ၁၀,၇၉၆.၉၅၇ |

# ရန်ကုန်တိုင်းဒေသကြီး ဌာန/အဖွဲ့အစည်းများ၏ ရငွေ၊သုံးငွေစာရင်း
# (၂၀၁၅–၂၀၁၆ မှ ၂၀၁၇–၂၀၁၈)

(ကျပ်သန်းပေါင်း)

| စဉ် | | ၂၀၁၅-၂၀၁၆ (ရှေ့ပြေးအမှန်) | | ၂၀၁၆-၂၀၁၇ (ပြုပြင်ပြီးခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီးခန့်မှန်းခြေ) | |
|---|---|---|---|---|---|---|---|
| | | ရငွေ | သုံးငွေ | ရငွေ | သုံးငွေ | ရငွေ | သုံးငွေ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၅၇၆၉၇.၉၉၈ | ၁၃၀၆၄၆.၆၆၇ | ၂၂၇၅၃၅.၆၄၇ | ၂၁၅၂၁၈.၁၆၃ | ၁၃၇,၅၂၂.၂၄၅ | ၉၃,၃၁၄.၁၆၅ |
| ၂ | ပြည်ထဲရေး | ၁၁၅၀၀.၈၅၇ | ၁၃၀၈၈.၇၂၇ | ၉၄၇၅.၁၇၃ | ၁၅၀၀၄.၆၈၇ | ၁၀,၉၈၇.၀၃၃ | ၂၆,၈၆၉.၃၆၅ |
| ၃ | ပြန်ကြားရေး | ၃၃၀.၉၆၇ | ၉၉.၂၇၄ | ၃၀၀.၀၀၀ | ၁၆.၅၅၅ | ၃၅၀.၀၀၀ | ၃၆.၂၇၉ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၁၀၃၆.၉၄၅ | ၄၄၃၁.၅၂၁ | ၁၁၁၅.၆၇၁ | ၄၆၀၂.၁၅၉ | ၁,၂၂၉.၃၀၈ | ၄,၇၂၃.၉၆၇ |
| ၅ | သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၅၀.၇၆၂ | ၁၃၄၀.၄၈၆ | ၃၈၄.၅၉၉ | ၁၅၂၉.၀၀၄ | ၄၁၀.၃၅၈ | ၂,၁၄၁.၃၃၀ |
| ၆ | ကျန်းမာရေးနှင့် အားကစား | ၃၉.၃၆၀ | ၁၀၇၂.၃၇၁ | ၁၀၆.၀၆၇ | ၁၃၃၁.၁၈၉ | ၃၇.၈၀၅ | ၁,၉၉၁.၉၉၉ |
| ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၁၀၃.၆၈၄ | ၁၀၁၄.၅၂၂ | ၀.၁၇၆ | ၁၃၁၉.၄၈၀ | ၃.၅၃၁ | ၁,၇၉၃.၂၄၆ |
| ၈ | ဆောက်လုပ်ရေး | ၉၅၅.၇၃၉ | ၂၅၉၇၀.၄၁၇ | ၁၀၅၇.၀၀၀ | ၂၃၇၆၉.၃၃၂ | ၁,၁၅၁.၉၈၉ | ၁၁,၇၀၁.၉၄၄ |
| ၉ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၀.၀၀၂ | ၃၈.၄၄၅ | | | | |
| ၁၀ | တိုင်းဒေသကြီး ကုန်တင်ကုန်ချ ကော်မတီရုံး | | | ၀.၀၀၂ | ၈၉.၆၂၂ | ၀.၀၀၂ | ၅၅၁.၉၉၉ |
| ၁၁ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ | ၂၇၉၁၅၈.၈၄၁ | ၂၈၄၈၂၆.၁၁၆ | ၂၃၄၈၁၉.၅၂၉ | ၂၃၄၈၁၉.၅၂၉ | ၂၅၀,၅၇၉.၀၀၂ | ၂၇၈,၅၆၂.၆၆၆ |
| ၁၂ | စည်ပင်သာယာရေး အဖွဲ့များ | ၅,၄၃၀.၂၄၅ | ၈၆၈၀.၂၈၇ | ၆၁၇၅.၆၉၈ | ၇၉၉၂.၀၀၀ | ၆,၇၀၀.၀၀၀ | ၂၄,၀၄၂.၆၄၅ |
| | ပေါင်း | ၃၅၆,၉၀၅.၄၀၀ | ၄၇၁,၂၀၈.၈၅၁ | ၄၈၁,၁၆၉.၇၆၂ | ၅၀၅,၆၉၁.၉၂၀ | ၄၀၈,၉၇၁.၂၇၃ | ၄၆၅,၇၂၉.၆၀၅ |
| | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၆၈၇၀၄.၀၁၄ | | ၂၄၅၂၂.၁၅၈ | | ၅၆,၇၅၈.၁၁၂ | |
| | စုစုပေါင်း | ၄၂၅,၆၀၉.၄၁၄ | ၄၇၁,၂၀၈.၈၅၁ | ၅၀၅,၆၉၁.၉၂၀ | ၅၀၅,၆၉၁.၉၂၀ | ၄၆၅,၇၂၉.၆၀၅ | ၄၆၅,၇၂၉.၆၀၅ |

ဗဟိုအဖွဲ့အစည်းများ၏ရငွေပိုင်းတွင် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းထက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းတွင် ရငွေရရှိမှုတိုးမြင့်ရခြင်းမှာ ကုန်သွယ်လုပ်ငန်းခွန် ၁၅% တိုးမြင့်ရရှိခြင်း၊ အတိုးရငွေများ၊ ဒဏ်ငွေများ တိုးမြင့်ရရှိခြင်းကြောင့် ဖြစ်ပါသည်။

ဗဟိုအဖွဲ့အစည်းများ၏ သုံးငွေပိုင်းတွင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းထက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် သုံးငွေတိုးမြင့်သုံးစွဲရခြင်းမှာ အရေးပေါ်ရန်ပုံငွေမှတောင်းခံ၍ အသုံးစရိတ်သုံးစွဲခြင်း၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေအသုံးစရိတ်တိုးမြှင့်ခြင်းနှင့် ဗဟိုအဖွဲ့အစည်းများတွင်ပါဝင်သော အခြားအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်များ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ရှေ့ပြေးအမှန်စာရင်းထက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် ရငွေလျော့နည်းရခြင်းမှာ ငွေလုံးငွေရင်းရငွေစာရင်း၌ တိုက်ခန်းများရောင်းချခြင်းမှ ရငွေနှင့် မြေကွက်များ ရောင်းချခြင်းမှရငွေများ လျော့နည်းရရှိခြင်း၊ အခြားပစ္စည်းဟောင်းများ ရောင်းချခြင်းမှရငွေ၊ မတည် အသုံးစရိတ်မှ ငွေပင်ငွေရင်းများ၊ ပြန်လည်ရရှိငွေများနှင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်းကြောင့်ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းထက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ရငွေတိုးမြင့်ရရှိခြင်းမှာ အခွန်အကောက်ရငွေ၊ စာရင်းရှိ၊ ပစ္စည်းခွန်နှင့် ဘီးခွန်များ တိုးမြင့်ရရှိခြင်းနှင့် သာမန်ရငွေတွင် ပစ္စည်းများရောင်းချ ရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ တိုးမြင့်ရရှိ ခြင်းကြောင့်ဖြစ်ပါသည်။


ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ရှေ့ပြေးအမှန်စာရင်းထက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် သုံးငွေလျော့နည်းရခြင်းမှာ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတွင် အဆောက်အအုံများဆောက်လုပ်ခြင်း၊ လမ်းနှင့်တံတားများ တည်ဆောက်ခြင်း၊ ရေပိုက်များတိုးချဲ့ဆက်သွယ်ခြင်း၊ ရေမြောင်းများတိုးချဲ့ တည်ဆောက်ခြင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများတည်ဆောက်ခြင်း၊ ရေဖူလုံရေးလုပ်ငန်းများ လျော့နည်းသုံးစွဲခြင်းနှင့် လုပ်ငန်းသုံးစက်ကိရိယာများ၊ ယာဉ်ယန္တရားများဝယ်ယူခြင်းနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများ လျော့နည်းဝယ်ယူခြင်းကြောင့်ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းထက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် သုံးငွေတိုးမြှင့်သုံးစွဲရခြင်းမှာ လမ်းနှင့်တံတားများ ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ရေပိုက်များတိုးချဲ့ဆက်သွယ်ခြင်း၊ ရေဖူလုံရေးလုပ်ငန်းများ၊ လုပ်ငန်းသုံးစက် ကိရိယာနှင့် ယာဉ်ယန္တရားများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးယာဉ်များ၊ အခြားရုံးသုံးပစ္စည်းများနှင့် မြေယာလျော်ကြေးများ တိုးမြှင့်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ရသုံးခန့်မှန်းခြေငွေစာရင်း
## ၂၀၁၁– ၂၀၁၂ မှ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆) လ

ပြည်ထောင်စုမှရန်ကုန်တိုင်းဒေသကြီးအတွက် လိုငွေဖြည့်ဆည်းမှုအတွက်ထောက်ပံ့ပေးငွေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင်တိုးမြင့်နေသော်လည်း ၂၀၁၃-၂၀၁၄ ခု၊ ၂၀၁၄-၂၀၁၅ ခု နှင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တို့တွင် လျော့နည်းရရှိပါသည်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းပေးမှုအတွက် ထောက်ပံ့ငွေသည် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်ထက် ၀.၀၂% သာ တိုးမြှင့်ရရှိပါသည်။


(ကျပ်သန်းပေါင်း)



| | ၂၀၁၁-၂၀၁၂ (PA) | ၂၀၁၂-၂၀၁၃ (PA) | ၂၀၁၃-၂၀၁၄ (PA) | ၂၀၁၄-၂၀၁၅ (PA) | ၂၀၁၅-၂၀၁၆ (PA) | ၂၀၁၆-၂၀၁၇ (PA) | ၂၀၁၇-၂၀၁၈ (RE) | ၂၀၁၈-ဧပြီ-စက်တင်ဘာ |
|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စုထောက်ပံ့ငွေ | ၁၂၇၀၀.၃၀၂ | ၁၆၄၁၅၂.၀၈၄ | ၃၀၀၂၀.၈၃၀ | ၅၃၀၂၅.၉၇၁ | ၁၁၄၃၀၃.၄၅၃ | ၆၃၉၁၄.၆၀၈ | ၅၆၇၅၈.၃၃၂ | ၁၀၇၉၆.၉၅၇ |
| သုံးငွေ | ၈၀၀၉၃.၀၇၅ | ၂၁၅၅၁၃.၃၆၃ | ၁၉၃၆၁၇.၃၇၅ | ၃၆၆၂၄၁.၀၈၈ | ၄၇၁၂၀၈.၈၅၃ | ၄၈၀၈၃၅.၂၂၅ | ၄၆၅၇၂၉.၆၀၅ | ၂၀၂၁၉၂.၂၄၆ |
| ရငွေ | ၆၇၃၉၂.၇၇၃ | ၅၁၃၆၁.၂၇၉ | ၁၆၃၅၉၆.၅၄၅ | ၃၁၃၂၁၅.၁၁၇ | ၃၅၆၉၀၅.၄၀၀ | ၄၁၆၉၂၀.၆၁၇ | ၄၀၈၉၇၁.၂၇၃ | ၁၉၁၁၉၅.၂၈၉ |

## ရန်ကုန်တိုင်းဒေသကြီး၏ နှစ်အလိုက် အသုံးစရိတ် ခွဲဝေပုံ

(ကျပ်သန်းပေါင်း)



| | ၂၀၁၄-၂၀၁၅ (A) | ၂၀၁၅-၂၀၁၆ (A) | ၂၀၁၆-၂၀၁၇ (PA) | ၂၀၁၇-၂၀၁၈ (RE) | ၂၀၁၈ (၆) လ |
|---|---|---|---|---|---|
| ကြွေးမြီ | ၉၀၉.၉၂၁ | ၈၉၂.၆၆၅ | ၁၄၆၃၂၉.၅၃၃ | ၂၉၀၀.၀၀၀ | – |
| ငွေလုံးငွေရင်း | ၂၃၉၆၆၉.၃၅၉ | ၃၅၆၂၅၆.၂၁၈ | ၂၀၈၉၂၆.၆၆၇ | ၃၁၆၂၉၀.၂၁၃ | ၁၃၃၅၉၈.၉၇၉ |
| သာမန် | ၁၂၅၆၆၁.၈၀၈ | ၁၁၄၀၅၉.၆၁၀ | ၁၂၅၆၁၅.၀၂၅ | ၁၄၆၅၃၉.၃၉၂ | ၆၈၅၉၃.၂၆၇ |


သာမန်အသုံးစရိတ်စာရင်းတွင် လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်၊ ဧည့်ခံကျွေးမွေးစရိတ်များ၊ ပင်စင်၊ အတိုးပေးငွေနှင့် ထောက်ပံ့ငွေများ ပါဝင်ပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ပစ္စည်း၊ ပရိဘောဂ၊ ယာဉ်များ၊ အခြားရုံးသုံးပစ္စည်းများနှင့် မြေယာလျော်ကြေးများ ပါဝင်ပါသည်။


ကြွေးမြီအသုံးစရိတ်စာရင်းတွင် ချေးငွေပြန်ဆပ်ခြင်း၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေထည့်ဝင်ခြင်းများ ပါဝင်ပါသည်။ အသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခွဲဝေချထားပေးလျက် ရှိပါသည်။ သို့ရာတွင် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း၌ ရန်ကုန်မြို့တော်ဘဏ် လီမိတက်တွင် ရင်းနှီးငွေထည့်ဝင်ခြင်း၊ ခရီးသည်မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေး၊ အများပိုင်ကုမ္ပဏီများတွင် ထည့်ဝင်ရင်းနှီးခြင်းတို့အတွက် စုစုပေါင်းငွေ ကျပ် ၁၃၄၀၀၀.၀၀၀ သန်းအား ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် ခွင့်ပြုခဲ့သည့်အတွက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းတွင် တိုးမြင့်နေခြင်းဖြစ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာန/ဦးစီးဌာနများ၏
# နှစ်အလိုက် သာမန်ရငွေနှင့် သာမန်အသုံးစရိတ်
# (၂၀၁၄– ၂၀၁၅ မှ ၂၀၁၇– ၂၀၁၈)

သာမန်ရငွေတွင် ပြည်ထောင်စုမှ ရန်ကုန်တိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစုသည် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်း၌ ကုန်သွယ် လုပ်ငန်းခွန် (၁၅%) အပြင် ဝင်ငွေခွန် (၅%)၊ အထူးကုန်စည်ခွန် (၁၅%) ကိုခွဲဝေပေးသဖြင့် အခွန်ဝေစု တိုးမြင့်နေခြင်း ဖြစ်ပါသည်။




ရန်ကုန်တိုင်းဒေသကြီးရှိ ဌာန၊ အဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်စာရင်းတွင် ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခငွေစာရင်းခေါင်းစဉ်၌ ငွေစာရင်းခေါင်းစဉ်သေးများ များပြားပြီး အဓိကအားဖြင့် မဖြစ်မနေသုံးစွဲရသည့် လုပ်အားခအတွက် ကုန်ကျစရိတ်၊ အခွန်အခ၊ သယ်ယူပို့ဆောင်ခများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ တံဆိပ်ခေါင်း၊ ကြေးနန်းနှင့်တယ်လီဖုန်း၊ လျှပ်စစ်မီးနှင့်ဓာတ်အားခ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပုံနှိပ်ခနှင့်စာအုပ်စာတမ်းများ ထုတ်ဝေစရိတ်၊ ကြော်ငြာခ၊ နေ့ကြေး၊ ရက်ကြေးများ ကျင်းပရေး စသည့်အသုံး စရိတ်များကို လျာထားသုံးစွဲသည့်အတွက် နှစ်စဉ်အသုံးစရိတ် မြင့်တက်နေပါသည်။




# ရန်ကုန်တိုင်းဒေသကြီး စုစုပေါင်းရငွေ၊ သုံးငွေနှင့် လိုငွေစာရင်း

၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) သည် ၂၀၁၇-၂၀၁၈ ခု မူလခန့်မှန်းခြေထက် ရငွေနှင့် သုံးငွေများ မြင့်တက်နေပါသည်။ ဤသို့မြင့်တက်ခြင်းသည် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ဒေသဖွံ့ဖြိုးရေးအနေဖြင့် လမ်းဆောက်လုပ်ခြင်း၊ လျှပ်စစ်မီး ရရှိရေးနှင့် ရေရရှိရေးများ ဆောင်ရွက်ခြင်းကြောင့်ဖြစ်ပါသည်။


(ကျပ်သန်းပေါင်း)

## ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်




| | မူလခန့်မှန်းခြေ | ပြုပြင်ပြီးခန့်မှန်းခြေ |
|---|---|---|
| ရငွေ | ၃၈၂၅၈၅.၃၁၆ | ၄၀၈၉၇၁.၂၇၃ |
| သုံးငွေ | ၄၂၄၂၈၀.၆၆၇ | ၄၆၅၇၂၉.၆၀၅ |
| လိုငွေ | -၄၁၆၉၅.၃၅၁ | -၅၆၇၅၈.၃၃၂ |

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ





| | ၂၀၁၇/၁၈ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၀၁၈ (၆) လ (မူလခန့်မှန်းခြေ) |
|---|---|---|
| ရငွေ | ၄၀၈၉၇၁.၂၇၃ | ၁၉၁၃၉၅.၂၈၉ |
| သုံးငွေ | ၄၆၅၇၂၉.၆၀၅ | ၂၀၂၁၉၂.၂၄၆ |
| လိုငွေ | -၅၆၇၅၈.၃၃၂ | -၁၀၇၉၆.၉၅၇ |

# ရန်ကုန်တိုင်းဒေသကြီး၏ ငွေစာရင်းခေါင်းစဉ်အရ
# စုစုပေါင်းရငွေနှင့်စုစုပေါင်းသုံးငွေစာရင်း


(ကျပ်သန်းပေါင်း)

## ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်




| | ရငွေ (မူလ) | သုံးငွေ (မူလ) | ရငွေ (ပြုပြင်ပြီး) | သုံးငွေ (ပြုပြင်ပြီး) |
|---|---|---|---|---|
| အခွန်အကောက် | ၅၂၃၀၃.၅၉၅ | | ၅၅၆၄၇.၄၄၅ | |
| သာမန် | ၂၆၇၄၄၄.၄၆၉ | ၁၄၃၆၂၂.၈၉၈ | ၃၀၄၃၄၉.၅၅၇ | ၁၄၆၅၃၉.၃၉၂ |
| ငွေလုံးငွေရင်း | ၄၅၆၁၅.၆၀၃ | ၂၇၈၄၅၇.၇၆၉ | ၄၆၈၁၅.၆၀၃ | ၃၁၆၂၉၀.၂၁၃ |
| ကြွေးမြီ | ၅၈၉၁၇.၀၀၀ | ၂၂၀၀.၀၀၀ | ၅၈၉၁၇.၀၀၀ | ၂၉၀၀.၀၀၀ |

## ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ




| | ၂၀၁၇/၁၈ ရငွေ (ပြုပြင်ပြီး) | ၂၀၁၇/၁၈ သုံးငွေ (ပြုပြင်ပြီး) | ၂၀၁၈ (၆) လ ရငွေ (မူလ) | ၂၀၁၈ (၆) လ သုံးငွေ (မူလ) |
|---|---|---|---|---|
| အခွန်အကောက် | ၅၅၆၄၇.၄၄၅ | | ၁၆၅၉၆.၉၇၈ | |
| သာမန် | ၃၀၄၃၄၉.၅၅၇ | ၁၄၆၅၃၉.၃၉၂ | ၁၂၃၂၅၂.၄၂၁ | ၆၈၅၉၃.၂၆၇ |
| ငွေလုံးငွေရင်း | ၄၆၈၁၅.၆၀၃ | ၃၁၆၂၉၀.၂၁၃ | ၁၆၁၅၄.၇၅၈ | ၁၃၃၅၉၈.၉၇၉ |
| ကြွေးမြီ | ၅၈၉၁၇.၀၀၀ | ၂၉၀၀.၀၀၀ | ၄၆၁၈၈.၀၈၉ | |

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေ
# ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ


(ကျပ်သန်းပေါင်း)

| | | ရငွေ | | | | သုံးငွေ | | | |
|---|---|---|---|---|---|---|---|---|---|
| | | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
| ၁ | ဗဟို အဖွဲ့အစည်းများ | ၆၅,၀၄၈.၉၅၆ | | | ၆၅,၀၄၈.၉၅၆ | ၅,၁၅၅.၃၇၇ | ၂၈,၅၂၂.၈၀၆ | | ၃၃,၆၇၈.၁၈၃ |
| ၂ | ပြည်ထဲရေး ဝန်ကြီးဌာန | ၅,၇၅၈.၃၆၅ | | | ၅,၇၅၈.၃၆၅ | ၆,၁၆၈.၆၃၈ | ၄၈၀.၆၉၅ | | ၆,၆၄၉.၃၃၃ |
| ၃ | စိုက်၊ မွေး၊ ဆည် ဝန်ကြီးဌာန | ၇၀၃.၀၈၉ | | | ၇၀၃.၀၈၉ | ၂,၁၅၅.၅၈၅ | ၇၇.၃၈၂ | | ၂,၂၃၂.၉၆၇ |
| ၄ | သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၀၆.၄၁၅ | | | ၃၀၆.၄၁၅ | ၈၀၈.၄၄၅ | ၂၇၉.၁၄၀ | | ၁,၀၈၇.၅၈၅ |
| ၅ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ၁၈.၀၉၀ | | | ၁၈.၀၉၀ | ၄၈၄.၇၅၇ | - | | ၄၈၄.၇၅၇ |
| ၆ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | - | | | - | ၆၈၁.၄၃၂ | ၁၅.၇၀၀ | | ၆၉၇.၁၃၂ |
| ၇ | ဆောက်လုပ်ရေး ဝန်ကြီးဌာန | ၅၈၆.၃၃၆ | | | ၅၈၆.၃၃၆ | ၂,၈၅၄.၈၉၄ | ၂,၆၈၀.၄၅၉ | | ၅,၅၃၅.၃၅၃ |
| ၈ | ရုပ်ရှင်မြှင့်တင်ရေး | ၁၇၅.၀၀၀ | | | ၁၇၅.၀၀၀ | ၁၄.၈၆၃ | - | | ၁၄.၈၆၃ |
| ၉ | တိုင်းကုန်တင် ကုန်ချ ကော်မတီရုံး | ၀.၀၀၂ | | | ၀.၀၀၂ | ၂၈.၁၄၁ | ၁.၇၀၀ | | ၂၉.၈၄၁ |
| ၁၀ | ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ | ၅၂,၂၈၀.၁၈၉ | ၁၆,၁၅၄.၇၅၈ | ၄၆,၁၈၈.၀၈၉ | ၁၁၄၆၂၃.၀၃၆ | ၄၈,၄၇၅.၄၃၅ | ၉၆,၈၀၇.၈၉၇ | | ၁၄၅,၂၈၃.၃၃၂ |
| ၁၁ | စည်ပင် သာယာရေး အဖွဲ့များ | ၄,၁၇၆.၀၀၀ | | | ၄,၁၇၆.၀၀၀ | ၁,၇၆၅.၇၀၀ | ၄,၇၃၃.၂၀၀ | | ၆,၄၉၈.၉၀၀ |
| | ပေါင်း | ၁၂၉,၀၅၂.၄၄၂ | ၁၆,၁၅၄.၇၅၈ | ၄၆,၁၈၈.၀၈၉ | ၁၉၁,၃၉၅.၂၈၉ | ၆၈,၅၉၃.၂၆၇ | ၁၃၃,၅၉၈.၉၇၉ | | ၂၀၂,၁၉၂.၂၄၆ |
| | ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ၁၀,၇၉၆.၉၅၇ | | | ၁၀,၇၉၆.၉၅၇ | | | | |
| | စုစုပေါင်း | ၁၃၉,၈၄၉.၃၉၉ | ၁၆,၁၅၄.၇၅၈ | ၄၆,၁၈၈.၀၈၉ | ၂၀၂,၁၉၂.၂၄၆ | ၆၈,၅၉၃.၂၆၇ | ၁၃၃,၅၉၈.၉၇၉ | | ၂၀၂,၁၉၂.၂၄၆ |

## ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇– ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၏ ဌာန၊ အဖွဲ့အစည်းအလိုက် စုစုပေါင်းရငွေ နှင့် စုစုပေါင်းသုံးငွေ စာရင်း (ပြုပြင်ပြီးခန့်မှန်းခြေ)

(ကျပ်သန်းပေါင်း)

### ရငွေ





အခြားတွင်

၁၊ ရှုပ်ရှင်မြှင့်တင်ရေး(၀.၀၈%)
၂၊သဃ်ဇာတ၊ပတ်ဝန်းကျင်(၀.၀၈%)
၃၊ အား/ကာ (၀.၀၁%)
၄၊ စီမံ/ဘဏ္ဍာ (၀.၀၀၁%)
၅၊ ကုန်တင်ကုန်ချ (၀.၀၀၀၀၀၁%)

စုစုပေါင်းရငွေ ကျပ် ၄၆၅,၇၂၉.၆၀၅ သန်း

### သုံးငွေ




အခြားတွင်


၁၊ ရှုပ်ရှင်မြှင့်တင်ရေး (၀.၀၁%)
၂၊ ကုန်တင်ကုန်ချ (၀.၁၂%)

စုစုပေါင်းသုံးငွေ ကျပ် ၄၆၅,၇၂၉.၆၀၅ သန်း

## ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇ – ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ)သာမန်စာရင်း

(ကျပ်သန်းပေါင်း)

### ရငွေ





အခြားတွင်

၁၊ သဃ်ဇာတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး (၀.၁၁၉%)
၂၊ ကျန်းမာရေးနှင့်အားကစား (၀.၀၁%)
၃၊ ရုပ်ရှင်မြှင့်တင်ရေး (၀.၀၈၈%)
၄၊ ကုန်တင်ကုန်ချ (၀.၀၀၀၀%)

စုစုပေါင်းရငွေ ကျပ်၃၅၉,၉၉၇.၀၀၂ သန်း

### သုံးငွေ





အခြားတွင်

၁၊ ကျန်းမာရေးနှင့်အားကစား (၀.၄၆%)
၂၊ ရုပ်ရှင်မြှင့်တင်ရေး (၀.၀၂%)
၃၊ ကုန်တင်ကုန်ချ (၀.၀၆%)


စုစုပေါင်းသုံးငွေ ကျပ် ၁၄၆,၅၃၉.၃၉၂ သန်း

# ရန်ကုန်တိုင်းဒေသကြီး၊ (၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) ငွေလုံးငွေရင်းအသုံးစရိတ်စာရင်း

(ကျပ်သန်းပေါင်း)





စုစုပေါင်းသုံးငွေ ကျပ် ၂၇၈,၄၅၇.၇၆၉ သန်း





စုစုပေါင်းသုံးငွေ ကျပ် ၃၁၆၂၉၀.၂၁၃သန်း

# ရန်ကုန်တိုင်းဒေသကြီး၏ ငွေလုံးငွေရင်း အသုံးစရိတ် (မူလခန့်မှန်းခြေ)

(ကျပ်သန်းပေါင်း)




စုစုပေါင်း ကျပ် ၂၇၈,၄၅၇.၇၆၉ သန်း





စုစုပေါင်း ကျပ် ၁၃၃,၅၉၈.၉၇၉ သန်း

# ၄ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ


## ရန်ကုန်တိုင်းဒေသကြီး၊ နှစ်အလိုက် စုစုပေါင်းအခွန်အကောက်ရငွေ (၂၀၁၁– ၂၀၁၂ မှ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ)

(ကျပ်သန်းပေါင်း)




## ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ နှစ်အလိုက် အခွန်အရပ်ရပ်ကောက်ခံရငွေ (၂၀၁၁– ၂၀၁၂ မှ ၂၀၁၇– ၂၀၁၈)

(ကျပ်သန်းပေါင်း)





| | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (လျာထားချက်) |
|---|---|---|---|---|---|---|---|
| ကုန်သွယ်ခွန် | ၁၈၂၁၇၅.၅၇၈ | ၂၆၆၃၃၂.၉၉၉ | ၃၇၀၆၆၈.၂၃၉ | ၄၇၀၂၉၅.၅၁၃ | ၃၂၅၃၃၃.၂၉၉ | ၁၉၆၅၀၇.၀၀၄ | ၃၉၀၃၀၀.၀၀၀ |
| ဝင်ငွေခွန် | ၂၇၄၀၂၇.၁၀၂ | ၂၄၅၄၉၁.၇၁၃ | ၃၁၀၉၇၈.၃၂၄ | ၄၅၂၇၄၄.၀၇၅ | ၅၉၀၇၁၄.၆၅၄ | ၄၆၁၄၀၉.၆၄၆ | ၄၂၀၀၀၀.၀၀၀ |
| တံဆိပ်ခေါင်း | ၂၆၄၂၀.၁၄၇ | ၃၄၁၇၉.၂၄၂ | ၂၈၈၂၉.၂၃၆ | ၄၉၃၉၆.၁၂၃ | ၈၉၈၄၇.၁၀၅ | ၄၁၆၁၃.၂၄၉ | ၄၁၈၀၀.၀၀၀ |
| အောင်ဘာလေ | ၂၁၅၄၅.၆၂၈ | ၁၃၆၂.၁၂၃ | ၅၀၀.၆၀၅ | ၄၈၆.၈၂၃ | ၃၁၂.၈၂၉ | ၄၂၉၉.၄၅၅ | ၉၄၂၀၂.၄၅၁ |
| အထူးကုန်စည် | | | | | | ၅၃၂၉၁.၀၈၈ | ၇၄၉၀၀.၀၀၀ |
| စုစုပေါင်း | ၅၀၄၁၆၈.၄၅၅ | ၅၄၇၃၆၆.၀၇၇ | ၇၁၀၉၇၆.၄၀၄ | ၉၇၂၉၂၂.၅၃၄ | ၁၀၀၆၂၀၇.၈၈၇ | ၇၅၉၁၄၀.၄၇၂ | ၁၀၂၁၂၀၂.၄၅၁ |

# ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ နှစ်အလိုက် အခွန်ကောက်ခံရရှိမှု (၂၀၁၁– ၂၀၁၂ မှ ၂၀၁၇– ၂၀၁၈)

ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ အခွန်အကောက်ရငွေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ တဖြည်းဖြည်းမြင့်တက်လာပါသည်။ အဆိုပါအခွန်အကောက်ရငွေတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကောက်ခံသော ပစ္စည်းခွန်နှင့်ဘီးခွန်များမှာ အများဆုံးဖြစ်ပါသည်။ ပစ္စည်းခွန်များတွင် ပုဂ္ဂလိကပိုင် အဆောက်အအုံများမှ ကောက်ခံသည့်အခွန်များ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဆောက်အအုံမှ ကောက်ခံရငွေ၊ နိုင်ငံပိုင်အဆောက်အအုံများမှ ကောက်ခံရငွေနှင့် နိုင်ငံခြားငွေဖြင့် စည်းကြပ်အဆောက်အအုံမှ ကောက်ခံရငွေများပါဝင်ပါသည်။


(ကျပ်သန်းပေါင်း)




## ရန်ကုန်တိုင်းဒေသကြီး ဌာန/အဖွဲ့အစည်းအလိုက် အခွန်အကောက်ရငွေစာရင်း


(ကျပ်သန်းပေါင်း)

### ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်




အခွန်အကောက်ရငွေစုစုပေါင်း ကျပ် ၅၂,၃၀၃.၅၉၅ သန်း

### ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ





အခွန်အကောက်ရငွေစုစုပေါင်း ကျပ် ၁၆,၅၉၆.၉၇၈ သန်း

# ရန်ကုန်တိုင်းဒေသကြီး အခွန်အမျိုးအစားအလိုက် အခွန်အကောက်ရငွေစာရင်း


(ကျပ်သန်းပေါင်း)

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် (လျာထားချက်)




အခွန်အကောက်ရငွေစုစုပေါင်း ကျပ် ၅၂,၃၀၃.၅၉၅ သန်း

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ





အခွန်အကောက်ရငွေစုစုပေါင်း ကျပ် ၁၆,၅၉၆.၉၇၈ သန်း

# ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အရပ်ရပ်ကောက်ခံရငွေ


(ကျပ်သန်းပေါင်း)

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်




စုစုပေါင်းအခွန်အရပ်ရပ်ကောက်ခံရငွေ
ကျပ် ၇၅၉,၁၄၀.၄၇၂ သန်း

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် (လျာထားချက်)





စုစုပေါင်းအခွန်အရပ်ရပ်ကောက်ခံရရှိငွေ
ကျပ် ၁,၀၂၁,၂၀၂.၄၅၁ သန်း

# ၅ ရန်ကုန်တိုင်းဒေသကြီး၏ အခွန်ဝေစု

## ရန်ကုန်တိုင်းဒေသကြီး၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် အခွန်ဝေစု


(ကျပ်သန်းပေါင်း)

၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်စာရင်း)




စုစုပေါင်းအခွန်ဝေစု ကျပ် ၁၆၃,၈၉၉.၂၀၀ သန်း

၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်စာရင်း)





စုစုပေါင်းအခွန်ဝေစု ကျပ် ၁၂၇,၈၄၈.၉၆၃ သန်း

## ရန်ကုန်တိုင်းဒေသကြီး၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် အခွန်ဝေစု

(ကျပ်သန်းပေါင်း)

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ
(၁၄.၆.၂၀၁၈) အထိ ကောက်ခံရရှိမှုစာရင်း




စုစုပေါင်း အခွန်ဝေစု ကျပ် ၃၄၁၅၀.၁၄၀ သန်း


# ၆ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် သာမန်စာရင်း

**အထွေထွေရငွေ**တွင် အဆောက်အအုံပုံစံစစ်ဆေးခ၊ အမည်ပြောင်းခ၊ အခြားရငွေ၊ ပရိမီယံကြေး၊ အခွန်ဌာန၏ လိုင်စင်အမည်ပြောင်းနှင့် လိပ်စာပြောင်းဝင်ငွေ၊ စီမံရေးရာဌာနတွင် အငှားချထားသော ဆိုင်/မြေအမည်ပြောင်းခြင်း၊ လုပ်ငန်းပြောင်းခြင်းများအတွက် ဝန်ဆောင်ခများ၊ ဗိုလ်ချုပ်ဈေး၊သီရိမင်္ဂလာဈေး၊မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်၊ဘုရင့်နောင်ဈေးနှင့် ကြက်/ဘဲဈေးတို့တွင် ကောက်ခံသည့် ယာဉ်ရပ်နားခများ၊ ပိုက်ဖောက်ခများ၊ ဌာနအသီးသီးမှပုံစံရောင်းရငွေများ၊ မြို့တော်သတင်းစာရောင်းရငွေများ၊ ကျန်းမာရေးဌာန၏ ဓါတ်ခွဲခန်းဝင်ငွေ၊ မြို့/မြေဌာန၏ မြေယာအမည်ပြောင်း၊ မြေဂရန်၊ ဂရန်သက်တမ်းတိုး၊ ရငွေများ၊ အထူးဂရန်၊၃(က) အမည်ပြောင်း၊ မြေအမည်ပေါက်၊ အိမ်တိုင်ရာရောက်၊ ဂရန်စာအုပ်ဖိုး၊ သုသာန်များတွင် သုသာန်ခုံငှားခ၊ ဗီဒီယိုရိုက်ခ၊ နိဗ္ဗာန်ယာဉ်ငှားခ၊ ခန်းမငှားခ၊ ကုလားထိုင်ငှားခ၊ စွန့်ပစ်မြေမြုပ်ခ၊ အမိုက်မီးရှို့ဒဏ်ကြေး၊ အဆောက်အဦပြီးစီးကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခရငွေများ၊ အမှိုက်ပုံးရောင်းရငွေ၊ နောက်ဆုံးစွန့်အမှိုက်ပုံသို့ အခြားကုမ္ပဏီမှကားများဖြင့် သယ်ယူလာသော အမှိုက်စွန့်ပစ်ခများပါဝင်ပါသည်။


(ကျပ်သန်းပေါင်း)

ရငွေ




စုစုပေါင်းသာမန်ရငွေ ကျပ် ၈၈,၈၇၆.၅၆၀ သန်း

သုံးငွေ





စုစုပေါင်းသာမန်သုံးငွေ ကျပ် ၁၀၀,၄၇၀.၂၆၆ သန်း

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ သာမန်စာရင်း


(ကျပ်သန်းပေါင်း)

ရငွေ




စုစုပေါင်းသာမန်ရငွေ
ကျပ် ၄၂,၁၆၃.၅၅၁ သန်း

သုံးငွေ





စုစုပေါင်းသာမန်သုံးငွေ
ကျပ် ၄၈,၄၇၅.၄၃၅ သန်း

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစာရင်း


(ကျပ်သန်းပေါင်း)

ရငွေ




စုစုပေါင်းငွေလုံးငွေရင်းရငွေ
ကျပ် ၄၅,၆၁၅.၆၀၃ သန်း

သုံးငွေ





စုစုပေါင်းငွေလုံးငွေရင်းသုံးငွေ
ကျပ် ၁၆၉,၉၆၂.၁၃၀ သန်း


# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေ၊ ငွေလုံးငွေရင်းသုံးငွေ အသုံးစရိတ်စာရင်း

(ကျပ်သန်းပေါင်း)

ငွေလုံးငွေရင်းနှင့်ကြွေးမြီ ရငွေ




ငွေလုံးငွေရင်းသုံးငွေ




စုစုပေါင်းငွေလုံးငွေရင်းရငွေ ကျပ် ၁၆,၁၅၄.၇၅၈ သန်း
စုစုပေါင်းကြွေးမြီရငွေ ကျပ် ၄၆၁၈၈.၀၈၉ သန်း


စုစုပေါင်းငွေလုံးငွေရင်းသုံးငွေ
ကျပ် ၉၆,၈၀၇.၈၉၇ သန်း

# ၇ ရန်ကုန်တိုင်းဒေသကြီး ပညာရေးအသုံးစရိတ်

## ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေး အသုံးစရိတ်အခြေအနေ (၂၀၁၄–၂၀၁၅ မှ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ)

ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော စုစုပေါင်းပညာရေးအသုံးစရိတ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာသော်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွက်သုံးစွဲသော ပညာရေး အသုံးစရိတ်မှာ ၂၀၁၅-၂၀၁၆ ခု နှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် လျော့နည်းပြီး ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ် မြင့်တက်လာပါသည်။


(ကျပ်သန်းပေါင်း)




| | ၂၀၁၄/၁၅ (A) | ၂၀၁၅/၁၆ (PA) | ၂၀၁၆/၁၇ (PA) | ၂၀၁၇/၁၈ (BE) | ၂၀၁၈ ခု (၆)လ |
|---|---|---|---|---|---|
| တိုင်းဒေသကြီး | ၃၇၆၅၁၂.၉၁၉ | ၁၉၅၈၉၃.၂၁၄ | ၁၉၀၂၅၃.၅၇၃ | ၂၂၇၅၆၀.၁၆၂ | ၉၁၂၇၆.၅၀၂ |
| ပြည်ထောင်စု | ၈၄၆၂၈၀.၁၉၇ | ၁၃၃၇၅၃၈.၄၁၄ | ၁၄၂၅၇၂၀.၉၆၀ | ၁၅၂၈၄၈၀.၈၆၂ | ၈၀၁၉၇၂.၃၈၃ |
| စုစုပေါင်း | ၁၂၂၃၇၉၃.၁၁၆ | ၁၅၃၃၄၃၁.၆၂၈ | ၁၆၁၅၉၇၄.၅၃၄ | ၁၇၅၆၀၄၁.၀၂၄ | ၈၉၃၂၄၈.၈၈၅ |

## ရန်ကုန်တိုင်းဒေသကြီး၏ ဌာနအဖွဲ့အစည်းအလိုက် ပညာရေးအသုံးစရိတ် (၂၀၁၄–၂၀၁၅ မှ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ)

(ကျပ်သန်းပေါင်း)





| | ၂၀၁၄/၁၅ (A) | ၂၀၁၅/၁၆ (PA) | ၂၀၁၆/၁၇ (PA) | ၂၀၁၇/၁၈ (BE) | ၂၀၁၈ (၆) လ |
|---|---|---|---|---|---|
| အဆင့်မြင့် | ၂၅၁၃၈၅.၅၃၂ | ၈၃၂၃၇.၃၂၈ | ၇၂၈၄၄.၃၇၈ | ၉၉၈၀၂.၄၉၈ | ၃၅၄၅၂.၂၇၃ |
| အခြေခံ | ၁၁၆၁၄၂.၈၅၉ | ၁၀၈၁၀၁.၃၂၁ | ၁၁၁၆၀၅.၂၈၈ | ၁၁၁၄၅၅.၈၄၄ | ၅၂၆၅၂.၁၆၃ |
| နည်းပညာ/သက်မွေး | ၃၅၂၀.၂၉၂ | ၁၄၂၇.၈၈၀ | ၁၂၈၈.၅၆၆ | ၁၀၈၄၂.၄၀၉ | ၁၅၂၅.၅၆၂ |
| သုတေသန/တီထွင်မှု | ၅၄၆၄.၂၃၆ | ၃၁၂၆.၆၈၄ | ၄၅၁၅.၃၄၁ | ၅၄၅၉.၄၁၁ | ၁၆၄၆.၅၀၄ |
| စုစုပေါင်း | ၃၇၆၅၁၂.၉၁၉ | ၁၉၅၈၉၃.၂၁၄ | ၁၉၀၂၅၃.၅၇၃ | ၂၂၇၅၆၀.၁၆၂ | ၉၁၂၇၆.၅၀၂ |

# ၈ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးအသုံးစရိတ်

## ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးအသုံးစရိတ်အခြေအနေ
## (၂၀၁၄ – ၂၀၁၅ မှ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော စုစုပေါင်းကျန်းမာရေး အသုံးစရိတ်များသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာသော်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သုံးစွဲသော ကျန်းမာရေးအသုံးစရိတ်မှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပါသည်။

(ကျပ်သန်းပေါင်း)




| | ၂၀၁၄/၁၅ (A) | ၂၀၁၅/၁၆ (PA) | ၂၀၁၆/၁၇ (PA) | ၂၀၁၇/၁၈ (BE) | ၂၀၁၈ ခုနှစ် (၆) လ |
|---|---|---|---|---|---|
| တိုင်းဒေသကြီး | ၃၂၀၈၇၃.၂၂၉ | ၃၃၅၃၆၀.၂၂၂ | ၂၂၆၈၉၄.၀၁၄ | ၁၅၃၃၆၂.၄၄၁ | ၈၅၅၉၉.၇၀၅ |
| ပြည်ထောင်စု | ၃၄၈၁၁၃.၈၃၆ | ၄၄၂၅၁၉.၃၂၃ | ၅၀၇၅၅၁.၉၈၅ | ၉၂၂၇၃၇.၉၆၀ | ၄၀၈၈၃၇.၁၂၇ |
| စုစုပေါင်း | ၆၆၈၉၈၇.၀၆၅ | ၇၇၇၈၇၉.၅၄၅ | ၇၃၄၄၄၅.၉၉၉ | ၁၀၇၆၁၀၀.၄၀၁ | ၄၉၄၄၃၆.၈၃၂ |


# ၄

# ရန်ကုန်တိုင်းဒေသကြီး၏ လမ်းလုပ်ငန်း၊ မီးလင်းရေးနှင့် ရေရရှိရေးတို့၏ အသုံးစရိတ်

## ၂၀၁၇– ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းလမ်းလုပ်ငန်းဆောင်ရွက်မှုများ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၃) မြို့နယ်အတွက် ဆောင်ရွက်ပြီး၊ ကျန်ဌာနများမှာ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်ပြင်ပရှိ မြို့နယ် (၁၂) မြို့နယ်အတွက် ဆောင်ရွက်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့သည် ယခင်နှစ်များက မိမိရန်ပုံငွေဖြင့် ရပ်တည်ခဲ့သော်လည်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင်လည်းကောင်း လိုငွေအတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

(ကျပ်သန်းပေါင်း)




### ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်သည့်လမ်းလုပ်ငန်းများ

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်းအမည် | သာမန်သုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|
| ၁။ | ကျေးလက်လမ်းဦးစီးဌာန | | ၁၂၂၅.၆၅၀ |
| ၂။ | လမ်းဦးစီးဌာန | ၂၀၂၈.၇၆၈ | ၁၃၃၃၄.၈၉၂ |
| ၃။ | တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | ၃၆၃.၈၆၀ | ၆၁၄၄.၆၇၂ |

မှတ်ချက်။ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်ပြင်ပရှိ မြို့နယ် (၁၂)မြို့နယ်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့သည် ယခင်နှစ်များက မိမိဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်ခဲ့သော်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၇-၂၀၁၈ခု၊ မူလခန့်မှန်းခြေစာရင်းတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတွင် လည်းကောင်း လိုငွေအတွက် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်သည့်လမ်းလုပ်ငန်းများ**

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်းအမည် | သာမန်သုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|
| ၁။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၂၃၀၀.၉၀၀ | ၅၀၂၉၂.၆၆၇ |

မှတ်ချက်။ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြို့နယ်(၃၃)မြို့နယ်အတွက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်သည့် လမ်းလုပ်ငန်းများ**

(ကျပ်သန်းပေါင်း)

| စဉ် | ဌာန/အဖွဲ့အစည်းအမည် | သာမန်သုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|
| ၁။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၃၂၃၄.၄၁၆ | ၂၈၄၆၁.၈၅၈ |

မှတ်ချက်။ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၃)မြို့နယ်အတွက် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ် ပြင်ပရှိ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်သည့် လမ်းလုပ်ငန်းများ**

(ကျပ်သန်းပေါင်း)


| စဉ် | ဌာန/အဖွဲ့အစည်းအမည် | သာမန်သုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် |
|---|---|---|---|
| ၁။ | ကျေးလက်လမ်းဦးစီးဌာန | | ၁၇၂၄၃.၀၀၆ |
| ၂။ | လမ်းဦးစီးဌာန | ၁၄၃၂.၀၇၅ | ၁၈၁၉.၈၅၄ |
| ၃။ | တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | ၁၇၀.၁၁၈ | ၂၄၆၅.၀၉၀ |

မှတ်ချက်။ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်ပြင်ပရှိ မြို့နယ် (၁၂) မြို့နယ်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

# ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်နိမိတ်များတွင် လမ်းလုပ်ငန်းဆောင်ရွက်မှုများ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၃) မြို့နယ်အတွက် ဆောင်ရွက်ပြီး၊ ကျန်ဌာနများမှာ ရန်ကုန်တိုင်းဒေသကြီးနယ်နိမိတ်ပြင်ပရှိ မြို့နယ် (၁၂) မြို့နယ်အတွက် ဆောင်ရွက်ပါသည်။


(ကျပ်သန်းပေါင်း)




| | ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ | ကျေးလက်လမ်းဦးစီးဌာန | လမ်းဦးစီးဌာန | တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |
|---|---|---|---|---|
| သာမန်အသုံးစရိတ် | ၃၂၃၄.၄၁၆ | | ၁၄၃၂.၀၇၅ | ၁၇၀.၁၁၈ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၂၈၄၆၁.၅၈၅ | ၁၇၂၄၃.၀၀၆ | ၁၈၁၉.၈၅၄ | ၂၄၆၅.၀၉၀ |

# ရန်ကုန်တိုင်းဒေသကြီး၏ လမ်း၊ တံတား၊ လျှပ်စစ်မီးနှင့် ရေရရှိရေး အသုံးစရိတ်များ (၂၀၁၁ – ၂၀၁၂ မှ ၂၀၁၈ ခု ဧပြီလမှ စက်တင်ဘာလအထိ (၆)လ)

(ကျပ်သန်းပေါင်း)




| | ၂၀၁၁-၂၀၁၂ (A) | ၂၀၁၂-၂၀၁၃ (A) | ၂၀၁၃-၂၀၁၄ (A) | ၂၀၁၄-၂၀၁၅ (A) | ၂၀၁၅-၂၀၁၆ (A) | ၂၀၁၆-၂၀၁၇ (PA) | ၂၀၁၇-၂၀၁၈ (BE) | ၂၀၁၇-၂၀၁၈ (RE) | ၂၀၁၈ ဧပြီ-စက်တင်ဘာ (၆လ) |
|---|---|---|---|---|---|---|---|---|---|
| လမ်း | ၁၂၃၅၆.၄၀၃ | ၄၉၁၃၀.၆၀၀ | ၄၉၈၁၉.၆၃၆ | ၉၃၈၈၃.၅၀၆ | ၉၇၈၈၇.၃၀၈ | ၇၁၄၉၁.၅၁၅ | ၈၅၆၉၁.၄၀၉ | ၁၀၆၁၁၇.၈၇၅ | ၅၅၁၀၈.၆၀၄ |
| တံတား | ၄၄၈၆.၃၈၂ | ၄၅၂၉.၅၄၀ | ၁၁၃၉.၉၉၂ | ၂၈၅၅၀.၈၃၃ | ၉၇၀၈၈.၄၉၈ | ၃၁၂၃.၁၆၃ | ၆၃၃၀.၄၅၀ | ၉၉၉၈.၁၆၀ | ၁၂၁၁.၃၉၀ |
| မီးရရှိရေး | ၈.၁၂၅ | ၁၅၈.၅၈၇ | ၅၀.၀၀၀ | ၃၉၀.၀၀၀ | ၈၀၈၄.၆၈၉ | ၃၀၂၀၆.၈၄၆ | ၁၈.၃၃၁ | ၂၅၂၁.၀၅၀ | ၆၈၅၃.၃၀၁ |
| ရေရရှိရေး | ၄၈၁၉.၃၄၂ | ၁၇၆၄၈.၂၇၀ | ၃၄၇၁၀.၉၂၅ | ၅၄၅၉၅.၉၄၅ | ၇၀၂၃၇.၁၂၈ | ၂၉၈၅၂.၈၂၅ | ၈၉၄၀၁.၉၃၇ | ၈၈၃၄၂.၆၉၂ | ၆၄၈၃၈.၄၂၁ |

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ကျပ် ၃၀ ဘီလီယံ ကို ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ရရှိပါသည်။

# နိဂုံး

ရန်ကုန်တိုင်းဒေသကြီး၏ ပြည်သူ့အတွက်ရသုံးခန့်မှန်းခြေငွေစာရင်း (Citizen’s Budget) ဆိုင်ရာ အချက်အလက်များကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ခုနှစ်၊ (ဧပြီလမှ စက်တင်ဘာလ အထိ) ဘဏ္ဍာရေးနှစ်တို့ကို တပေါင်းတည်းပထမဆုံးကြိမ် အဖြစ်ထုတ်ဝေလိုက်ပါသည်။ ဤစာစောင်ထုတ်ဝေရခြင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို သိရှိစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာသဘောတရားများကို သိရှိနားလည်ပြီး ဘတ်ဂျက် ရေးဆွဲရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာသတင်းအချက်အလက်များကို သိရှိခြင်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အနေဖြင့် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့သည် မိမိတို့၏နေ့စဉ် လူမှုစီးပွားရေးဘဝများကိုရိုက်ခတ်ပြီး၊ မည်မျှအရေးပါကြောင်းကိုလည်း ထင်ဟပ်စေပါသည်။

ယခုတင်ပြခဲ့သော ဘတ်ဂျက်ဆိုင်ရာသတင်းအချက်အလက်များကို ပြည်သူများဖတ်ရှုလေ့လာခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများမှ ထွက်ပေါ်လာသော မေးခွန်းများ၊ အကြံပြုချက်များကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ပါရန်လည်း တိုက်တွန်းအပ်ပါသည်။

## အစိုးရဌာန၊အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း

တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါများအားဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုမရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ် ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် နိုင်ငံတော်နှင့်အများ ပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံးမှ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ဖြင့် အစိုးရဌာန၊အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ပစ္စည်းဝယ်ယူခြင်း၊ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ထုတ်ပြန်ထားပါသည်။

တင်ဒါကိစ္စရပ်များဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရပါမည်။

တင်ဒါလုပ်ထုံးလုပ်နည်းပါ ငွေရပ်များအတိုင်း ဆောင်ရွက်ရမည့် စည်းကမ်းများကိုလည်း လိုက်နာရပါမည်။
ရန်ကုန်တိုင်းဒေသကြီးဌာန၊အဖွဲ့အစည်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့သို့ အကြောင်းကြား ဆောင်ရွက်ကြရပါမည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့**
ဂိတ်-၄၊ရန်ကုန်တိုင်းလွှတ်တော်ဝင်း၊အလုံလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၄၂၃၅၀၁၃၆၇၀၊ ၀၁-၂၃၀၂၄၇၇
website: tender.yangon.gov.mm
ရုံးဖွင့်ချိန် - တနင်္လာနေ့မှ သောကြာနေ့အထိ
နံနက် (၉:၃၀) မှ ညနေ (၄:၃၀)အထိ

ရန်ကုန်တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည် -

ညွှန်ကြားရေးမှူး (တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးရုံး) ၀၁-၂၃၁၇၅၄၈
ညွှန်ကြားရေးမှူး (တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးရုံး) ၀၁-၃၇၂၃၀၉
ညွှန်ကြားရေးမှူး (တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးရုံး) ၀၁-၈၃၀၂၀၁၃

### အကြံပြုလိုပါက
Email: budgetyangon@gmail.com
ရုံးလိပ်စာ - ရန်ကုန်တိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဝင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
ရန်ကုန်တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။
အုပ်ရေ (၅၀၀၀)

The Asia Foundation
Improving Lives, Expanding Opportunities

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

RENAISSANCE INSTITUTE